## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၉၀)

၁၃၅၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြား ခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ်များကို အခြားပုဂ္ဂိုလ်များထံမှ စုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီး ဈေးကွက်များတွင် ကြားဝင်ပေါင်းစပ် ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့အစည်းကို ဆိုသည်၊

(ခ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်၊

(ဂ) **အဖွဲ့** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်၊

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်၊

(င) **အဖွဲ့ဝင်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့၏ အဖွဲ့ဝင်ကို ဆိုသည်။

## အခန်း (၂)

## ဖွဲ့စည်းတည်ထောင်ခြင်း

၃။ (က) ဤဥပဒေအရ သီးခြားဖွဲ့စည်းထားသော ငွေရေးကြေးရေး အဖွဲ့အစည်းများမှ အပ ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်၊

(ခ) ဤဥပဒေသည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်စေရမည်။

၄။ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ မဲဆန္ဒပေးပိုင်ခွင့်ရှိသော သို့မဟုတ် မဲဆန္ဒပေးပိုင်ခွင့်မရှိသော စတော့နှင့် အစုရှယ်ယာများကို မှတ်ပုံတင်ထားရှိရမည်။ ဦးစားပေး အစုရှယ်ယာများကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော စတော့ သို့မဟုတ် အစုရှယ်ယာများအဖြစ်သို့ လွှဲပြောင်းခွင့် မရှိစေရ။

၅။ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ၎င်းတို့ ဆောင်ရွက်မည့် ဝန်ဆောင်မှုများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်ထားရှိရမည် -

(က) ကူးသန်းရောင်းဝယ်ရေးဘဏ်များ

(ခ) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များ၊

(ဂ) ငွေရေးကြေးရေးကုမ္ပဏီများ၊

(ဃ) ငွေစုငွေချေးအသင်းများ။

၆။ (က) ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် ချက်လက်မှတ်ဖြင့် ငွေထုတ်နိုင်သော တောင်းခံလျှင် ချက်ချင်းပေးရမည့် အပ်ငွေများနှင့် သက်တမ်းတစ်နှစ်ထက် မပိုသော အချိန်ပိုင်းအပ်ငွေများကို လက်ခံခြင်းနှင့် နှစ်တိုချေးငွေများ ထုတ်ပေးခြင်းတို့ကို အဓိကထား၍ ဆောင်ရွက်ရမည်၊

(ခ) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များသည် သက်တမ်းတစ်နှစ်ထက် ကျော်လွန်သော အချိန်ပိုင်းအပ်ငွေများကို လက်ခံခြင်းနှင့် ယင်းအပ်ငွေများ လက်ခံရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များ သို့မဟုတ် အစိုးရက လျာထားပေးသော ရန်ပုံငွေအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့် လိုက်လျောညီထွေဖြစ်သည့် စည်းကမ်းချက်များဖြင့် ပုံသေငွေရင်း သို့မဟုတ် လှည့်ပတ်ငွေရင်းအတွက် ချေးငွေများ ထုတ်ပေးခြင်းတို့ကို အဓိက ထား၍ ဆောင်ရွက်ရမည်၊

(ဂ) ငွေရေးကြေးရေးကုမ္ပဏီများသည် အများပြည်သူထံမှ အပ်ငွေများမဟုတ် သော အခြားနည်း စုစည်းရရှိသည့် ရန်ပုံငွေများဖြင့် ကုန်ပစ္စည်းဝယ်ယူနိုင်ရန် လည်းကောင်း၊ ဝန်ဆောင်မှုများအတွက် သုံးစွဲနိုင်ရန်လည်းကောင်း ချေးငွေ များထုတ်ပေးခြင်းအဓိကထား၍ ဆောင်ရွက်ရမည်၊

(ဃ) ငွေစုငွေချေးအသင်းများသည် အသင်းဝင်များစာရင်းရှိ စုဆောင်းငွေများကို အသုံးပြု၍ အသင်းဝင်တစ်ဦးချင်းသို့ စားသုံးမှုအတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုအတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်မှုအတွက် လည်းကောင်း ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်ရ မည်။

၇။ ငွေစုငွေချေးအသင်းများတွင် ဖွင့်လှစ်ထားရှိသော ငွေစုငွေချေးအသင်းဝင်များ၏ အပ်ငွေစာရင်းများတွင် ငွေအသွင်းအထုတ်များကို ကြိုတင်အကြောင်းကြားရန် မလိုဘဲ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါ စာရင်းမှ ငွေထုတ်ရာ၌ ချက်လက်မှတ်ကို အသုံးပြု

ခွင့်မရှိစေရ။ ဗဟိုဘဏ်က သတ်မှတ်ထားသည့် ကာလအတွင်း ငွေထုတ်ယူခြင်းမပြုသမျှ အဆိုပါ အပ်ငွေစာရင်းသည် အတိုးရပိုင်ခွင့်ရှိရမည်။

၈။ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့် (ဃ) တွင် ဖော်ပြထားသည့် အဖွဲ့အစည်းများမှတစ်ပါး အပ်ငွေများလက်ခံသည့် အဖွဲ့အစည်းများကို ဘဏ်ဟု မှတ်ယူရမည်။ အဆိုပါ အဖွဲ့အစည်းများသာလျှင် ဘဏ်ဟူသော အမည်ကို သုံးစွဲခွင့်ရှိသည်။ အခြားသော အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းအမည်တွင် ဘဏ်ဟူသော အမည်ကို သုံးစွဲခြင်းမပြုရ။

၉။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအား ပုဒ်မ ၆ ပါ လုပ်ငန်းများအနက် တစ်မျိုးထက်ပို၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၀။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် မိမိတို့အား ဆောင်ရွက်ရန် အတိအကျ သတ်မှတ်ပေးထားသည့် လုပ်ငန်းများမှတစ်ပါး အခြားလုပ်ငန်းများကို တိုက်ရိုက်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း လုပ်ကိုင်ခွင့်မရှိစေရ။ သို့ရာတွင် ဗဟိုဘဏ်က ခွင့်ပြုသော ငွေရေးကြေးရေးဝန်ဆောင်မှုများအား အထောက်အကူပြုသည့် အခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၁။ (က) ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ထည့်ဝင်ပြီး မတည်ငွေရင်းကို ငွေသားဖြင့် ပေးသွင်းရမည်၊

(ခ) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ယင်းတို့၏ ထည့်ဝင်ပြီး မတည်ငွေရင်းအပြည့်အဝကို ဗဟိုဘဏ်သို့ပေးသွင်းရမည်။ အဆိုပါ ထည့်ဝင်ပြီး မတည်ငွေရင်းကို ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်၊

(ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်လျှင် သီးသန့်ငွေများ ထူထောင်ခြင်းအားဖြင့် မိမိတို့၏ မတည်ငွေရင်းပမာဏကို တိုးမြှင့်နိုင်သည်။ သီးသန့်ငွေများ ထူထောင်ရာတွင် ပုံသေပိုင်ပစ္စည်းများကို ပြန်လည်တန်ဖိုးသင့်ခြင်းနည်းအားဖြင့်လည်း ဆောင်ရွက်နိုင်သည်၊

(ဃ) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် ဗဟိုဘဏ်၏ သတ်မှတ်ချက်နှင့် အညီ အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့် ငွေ စာရင်းတစ်ခုတွင် ထည့်သွင်းထားရမည်။ ထိုသို့ ထည့်သွင်းခြင်းကို ထည့်ဝင် ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ ဆောင်ရွက်ရမည်။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းများအား သီးခြားရရန်ပိုင်ခွင့် များနှင့် စပ်လျဉ်း၍ သီးသန့်ငွေများကို ထပ်မံထားရှိစေနိုင်သည်။ ငွေရေး ကြေးရေး အဖွဲ့အစည်းများသည် မိမိတို့အစီအစဉ်ဖြင့်လည်း သီးသန့်ငွေများ ကို ထပ်မံထားရှိနိုင်သည်။

## အခန်း (၃)
## လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

၁၂။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် နိုင်ငံပိုင်ဖြစ်စေ၊ နိုင်ငံနှင့် ပုဂ္ဂလိက ပူးတွဲပိုင် ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ (က) နိုင်ငံခြားအရင်းအနှီးဖြင့် တည်ထောင်သော ငွေရေးကြေးရေး အဖွဲ့အစည်း သည်လည်းကောင်း၊ နိုင်ငံခြားဘဏ်တစ်ခု၏ ဘဏ်ခွဲသည်လည်းကောင်း နိုင်ငံတော်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက် များနှင့် အညီ ဗဟိုဘဏ်က ခွင့်ပြုနိုင်သည်၊

(ခ) နိုင်ငံခြား၌ တည်ထောင်ထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်ရုံးကို နိုင်ငံတော်အတွင်း ဖွင့်လှစ်ရန် ဗဟိုဘဏ်က ခွင့်ပြုနိုင် သည်။ သို့ရာတွင် ယင်းကိုယ်စားလှယ်ရုံးသည် ငွေရေးကြေးရေး အဖွဲ့အစည်း များကသာ ဆောင်ရွက်ခွင့်ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ။

၁၄။ (က) ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ဗဟိုဘဏ်က သတ်မှတ်ထားသည့် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက်များနှင့်တကွ ပူးတွဲတင်ပြသော ဖြစ်နိုင်ခြေ လေ့လာချက်တို့ကို စိစစ်ပြီးနောက် ထုတ်ပေးနိုင်သည်။ ယင်းဖြစ်နိုင်ခြေ လေ့လာချက်တွင် အောက်ပါ အချက်များ ပါဝင်ရမည် -

(၁) ဆောင်ရွက်မည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးကွက်ရှိကြောင်းနှင့် သက်ဆိုင်ရာ ပြည်သူများကလည်း စိတ်ဝင်စားမှုရှိကြောင်း၊

(၂) ငွေကြေးအရင်းအမြစ်များ မည်မျှလိုအပ်ကြောင်းနှင့် ယင်းတို့ကို မည်သို့ရရှိမည်ဖြစ်ကြောင်း၊

(၃) အဆိုပြု ငွေရေးကြေးရေး အဖွဲ့အစည်းက ရရှိမည်ဟု မျှော်မှန်းထားသည့် အကျိုးအမြတ်၊

(၄) စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှု၊

(၅) လုပ်ကိုင်လိုသည့် ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားများ၊

(ခ) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ယင်းတို့၏ ထည့်ဝင်ပြီး မတည်ငွေရင်းအပြည့်အဝကို ဗဟိုဘဏ်သို့ ပေးသွင်းခြင်းမပြုလျှင် ဗဟိုဘဏ်သည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းမပြုရ၊

(ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် မိမိ၏ အစုရှယ်ယာပိုင်ရှင်များ သို့မဟုတ် လုပ်ငန်းများ၏ အခြေအနေမှန်နှင့် စပ်လျဉ်း၍ အများပြည်သူက လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူစေနိုင်မည့် အမည်နာမကို အသုံးပြုသည်ဟု ဗဟိုဘဏ်က ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်မပေးရ၊

(ဃ) ဗဟိုဘဏ်သည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းကို လက်ခံရရှိပြီး ၃ လအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်၊

(ဃ) ငွေရေးကြေးရေး အဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးသည့် နေ့မှစ၍ ၁၅ ရက်အတွင်း မိမိ၏ ကနဦးထည့်ဝင်ပြီး မတည်ငွေရင်း၏ ဝ.၁ ရာခိုင်နှုန်းနှင့် ညီမျှသော လိုင်စင်ကြေးကို ဗဟိုဘဏ်သို့ ပေးဆောင်ရမည်၊

(စ) ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့်အခါ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၅။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းသစ်များက လုပ်ငန်းဆောင်ရွက်မည့် ဒေသနှင့် ငွေရေးကြေးရေးလုပ်ငန်းများအပေါ် အခြေပြု၍ အနည်းဆုံး မတည်ငွေရင်းကို သတ်မှတ်ပေးရမည်။

၁၆။ (က) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက် မထားရှိရ၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို လွှဲပြောင်းခွင့်မရှိစေရ၊

(ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း လုပ်ငန်းစတင်ရမည်။

၁၇။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ရုပ်သိမ်းရမည် -

(က) ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ပြုပြင်သတ်မှတ်သည့် အနည်းဆုံး မတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံး မတည်ငွေရင်း လိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဖြည့်တင်းရန် ပျက်ကွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများကို ငွေရေးကြေးရေး အဖွဲ့အစည်းအနေဖြင့် ဖောက်ဖျက်ခြင်းနှင့် အာဏာပိုင်များ၏ သတ်မှတ်ချက်များကို သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း သို့မဟုတ် လူမွဲအဖြစ် ခံယူခြင်း၊

(င) အခြားအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင် ရပ်တည်မှုပျောက်ကွယ်သွားခြင်း။

၁၈။ (က) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် အခြား အဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းပြုလိုသည့်အခါ ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့် ပေါ်ပေါက်လာမည့် ငွေရေးကြေးရေး အဖွဲ့အစည်းအား ဗဟိုဘဏ်က လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးပြီးမှသာ ယင်းသို့ ပူးပေါင်းဖွဲ့စည်းခြင်း၊ ခွဲခြမ်းဖွဲ့စည်းခြင်းကို ဗဟိုဘဏ်က ခွင့်ပြုရမည်၊

(ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ မတည်ငွေရင်း၏ ၁၅ ရာခိုင်နှုန်းထက် ပိုသော အစုရှယ်ယာများကို တစ်ကြိမ်တည်းဖြစ်စေ၊ တစ်ကြိမ်ထက်ပို၍ဖြစ်စေ လွှဲပြောင်းရာတွင် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၉။ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရုံးခွဲများ၊ ကိုယ်စားလှယ်ရုံးများနှင့် အခြားအလားတူ ရုံးများတည်ထောင်ခြင်း၊ လုပ်ငန်းနေရာရွှေ့ပြောင်းခြင်း၊ ပိတ်ခြင်းတို့အတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂၀။ ဗဟိုဘဏ်က သီးခြားကိစ္စရပ်အလိုက် အခြားနည်းခွင့်ပြုထားခြင်းမရှိလျှင် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရုံးခွဲများ၊ ကိုယ်စားလှယ်ရုံးများနှင့် အခြား အလားတူ ရုံးများ၏ အလုပ်ချိန်နှင့် အလုပ်ရက်များသည် ဗဟိုဘဏ်မှ သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

## အခန်း (၄)
## စီမံခန့်ခွဲခြင်း

၂၁။ ငွေရေးကြေးရေး အဖွဲ့အစည်းများကို သက်ဆိုင်ရာ အဖွဲ့က စီမံခန့်ခွဲရမည်။ အဖွဲ့သည် မိမိကိုယ်စား ဆောင်ရွက်ပိုင်ခွင့်များကို သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ အရာရှိများကို လွှဲအပ်နိုင်သည်။

၂၂။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ရေးဆွဲထားရှိရမည်။ ယင်းမိတ္တူတစ်စောင်ကို ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၂၃။ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ပြင်ဆင်ရမည်။

၂၄။ ငွေရေးကြေးရေး အဖွဲ့အစည်း၏ အဖွဲ့ဝင်များ၏ လိုအပ်သည့် အရည်အချင်းကို ဗဟိုဘဏ်က သတ်မှတ်နိုင်သည်။

## အခန်း (၅)
## လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၅။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) ငွေချေးယူခြင်း သို့မဟုတ် ငွေကြေးရှာဖွေစုစည်းခြင်း၊

(ခ) အာမခံဖြင့်ဖြစ်စေ၊ အာမခံမဲ့ဖြင့်ဖြစ်စေ ချေးငွေထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ငွေထုတ်ပေးခြင်း၊

(ဂ) လွှဲပြောင်းနိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ကုန်ပစ္စည်းသင်္ဘောတင်စာရွက်စာတမ်းများ၊ မီးရထားကုန်တင်တန်ဆာ လက်ခံဖြတ်ပိုင်းများ၊ ဒီဘင်ချာများ၊ ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ၊ ကြွေးမြီဆိုင်ရာ ငွေချေးသက်သေခံ

လက်မှတ်များကို လက်မှတ်ရေးထိုးထုတ်ပေးခြင်း၊ လက်ခံခြင်း၊ လျှော့နှုန်းဖြင့် လဲလှယ်ခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ ကောက်ခံခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊

(ဃ) ငွေလွှဲစာတမ်းများ၊ ခရီးသွားချက်လက်မှတ်များ ထုတ်ပေးခြင်း၊

(င) ရွှေတုံး ငွေတုံးနှင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ဝယ်ခြင်း၊ ရောင်းခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) နိုင်ငံခြားငွေစက္ကူအပါအဝင် နိုင်ငံခြားသုံးငွေ ဝယ်ခြင်းနှင့် ရောင်းခြင်း၊

(ဆ) ဘဏ်နှင့် ဆက်သွယ်သူများကိုယ်စား ငွေချေးစာချုပ်များ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ဝယ်ခြင်း၊ ရောင်းခြင်း၊

(ဇ) လုံခြုံမှုအတွက် သိမ်းဆည်းပေးရန် အပ်နှံလာသော ငွေချေးသက်သေခံလက်မှတ် စသည်များ သို့မဟုတ် အဖိုးတန်ပစ္စည်းများကို လက်ခံခြင်း၊

(ဈ) ငွေနှင့် ငွေချေး သက်သေခံလက်မှတ်များကို ကောက်ခံခြင်းနှင့် လွှဲပို့ခြင်း၊

(ည) ဒေသန္တရအာဏာပိုင်များ၏ ကိုယ်စားလှယ် သို့မဟုတ် ဗဟိုဘဏ်၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဋ) ချေးငွေနှင့် လုပ်ငန်းဆောင်ရွက်မှု စသည်တို့အတွက် အာမခံချက်ပေးခြင်း၊

(ဌ) တည်ဆဲစီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခုအား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှုပေးခြင်း၊

(ဍ) ယုံကြည်အပ်နှံခံရသူ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အမွေပစ္စည်းများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ အမွေစားအမွေခံတို့အား ခွဲဝေချထားပေးရာတွင်လည်းကောင်း သေတမ်းစာအတည်ပြုသူ သို့မဟုတ် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း၊

(ဎ) လိုင်စင်ရ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း သို့မဟုတ် ဤဥပဒေနှင့်အညီ အခြားအဖွဲ့အစည်းတွင် အကျိုးတူခံစားခွင့်ရယူခြင်း၊

(ဏ) အခြား ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခြင်း။

၂၆။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) မိမိတောင်းခံပိုင်ခွင့်တစ်ခုခုအတွက် အပြည့်အဝ သို့မဟုတ် အချို့အဝက်ရရှိစေရန် ယင်းအဖွဲ့အစည်းက ကြွေးမြီအတွက် လက်ခံရရှိသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ ထုခွဲရောင်းချခြင်း၊

(ခ) မိမိ၏ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် မှီခိုသူများ၏ အကျိုးငှာ အသင်းအဖွဲ့ သို့မဟုတ် ရန်ပုံငွေ သို့မဟုတ် ယုံကြည်အပ်နှံမှုအဖွဲ့များ တည်ထောင်ခြင်း၊ ထောက်ပံ့ခြင်း၊ အလှူငွေထည့်ဝင်ခြင်း၊ အငြိမ်းစားလစာနှင့် စရိတ်များပေးခြင်း၊ ဝန်ထမ်းအကျိုးခံစားခွင့် အာမခံကြေးပေးသွင်းခြင်း၊

(ဂ) မိမိအတွက် လိုအပ်သည့် အဆောက်အအုံရယူခြင်း၊ ရောင်းချခြင်း၊ ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း။

၂၇။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေချေးစာချုပ်များ ကိုင်ဆောင်သူက မိမိအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို ရရှိလာစေမည့် ငွေချေးစာချုပ်များကို ထုတ်ဝေခြင်းမပြုရ။

၂၈။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် မိမိ၏ ချေးငွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆုံးရှုံးမှု ရှောင်လွှဲရေးမူများ၊ လုပ်ငန်းဖြန့်ခွဲဆောင်ရွက်ရေးမူများ၊ ငွေကြေးလွယ်ကူမှုမူများနှင့်အညီ ဆောင်ရွက်ရမည့်အပြင် ဗဟိုဘဏ်မှ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့် အညီလည်း ဆောင်ရွက်ရမည်။

ရှင်းလင်းချက်။ ငွေရေးကြေးရေး အဖွဲ့အစည်းသည် တောင်းခံပိုင်ခွင့်တစ်ရပ်အတွက် မိမိ၏ ငွေရေးကြေးရေး ရရန်ပိုင်ခွင့်ကို ပေးအပ်ရန် လိုအပ်သည့် သို့မဟုတ် ပေးအပ်ရေးအတွက် တာဝန်ယူရန်လိုအပ်သည့် ဆောင်ရွက်မှုသည် ငွေချေးလုပ်ငန်းဖြစ်သည်။ ယင်းငွေချေးလုပ်ငန်းတွင် ချေးငွေများ၊ ကြိုတင်ပေးငွေများ၊ ငွေပေးအမိန့်လက်မှတ်များကို လျှော့

နှုန်းဖြင့် လဲလှယ်ခြင်းများ၊ ချေးငွေအစီအစဉ်များ၊ ငွေပေးအမိန့် လက်မှတ်များနှင့် အာမခံ ချက်များ စသည်တို့ ပါဝင်သည်။

၂၉။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေချေးလုပ်ငန်းအသီးသီးအတွက် အောက်ပါတရားဝင် စာရွက်စာတမ်းများကို ရယူထားရမည် -

(က) ချေးငွေလျှောက်လွှာနှင့် ချေးငွေကို မည်သို့အသုံးပြုမည်ဖြစ်ကြောင်း တင်ပြချက်၊ ပေးအပ်မည့် အာမခံတန်ဖိုးနှင့် ပိုင်ဆိုင်ခွင့်အခြေအနေ၊

(ခ) လုပ်ငန်းအတွက် အခြေခံ အထောက်အကူပြုမည့် ငွေချေးယူသူနှင့် အာမခံ ပုဂ္ဂိုလ်များ၏ ငွေရေးကြေးရေးမှတ်တမ်းများ၊

(ဂ) သက်ဆိုင်ရာ ဌာန၊ မန်နေဂျာ သို့မဟုတ် လက်ထောက်အရာရှိ၏ ဆုံးဖြတ်ချက်အတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသူ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် ဆုံးဖြတ်ချက်မှတ်တမ်းနှင့် စုပေါင်းဆုံးဖြတ်သည့် ကိစ္စဖြစ်ပါက အဆိုပါ ကိစ္စအား သဘောတူခွင့်ပြုသည့် ဆုံးဖြတ်ချက်မှတ်တမ်း။

၃၀။ (က) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေပမာဏအနည်းငယ်မျှသာ အကျုံးဝင်သည့် လုပ်ငန်းအတွက် ပုဒ်မ ၂၉ အရ လိုအပ်သော တရားဝင်စာရွက်စာတမ်းများ ရယူထားရှိရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လွယ်ကူစွာ မှတ်တမ်းတင်ခွင့်ကို ဗဟိုဘဏ်မှ ရယူနိုင်သည်၊

(ခ) ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ကူးသန်းရောင်းဝယ်ရေး စာရွက်စာတမ်းများကို လျှော့နှုန်းဖြင့် လဲလှယ်ခြင်း၊ လက်ရောက်အပေါင်ပေးခြင်းကို ဘဏ်ခွဲမန်နေဂျာများ၊ ကိုယ်စားလှယ်ရုံးများနှင့် အခြား အလားတူ ရုံးခွဲများက မိမိတို့လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်ရာတွင် ပုဒ်မ ၂၉ အရ လိုအပ်သော တရားဝင်စာရွက်စာတမ်းများ၊ ရယူထားရှိရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လွယ်ကူစွာ မှတ်တမ်းတင်ခွင့်ကို ဗဟိုဘဏ်မှ ရယူနိုင်သည်။

၃၁။ (က) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်များသည် မတည်ငွေရင်းနှင့် သီးသန့်ငွေတို့ နှစ်ရပ်ပေါင်း၏ ၁၀ ဆထက်မကျော်စေရ၊

ရှင်းလင်းချက်။ ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်များမှာ ငွေရေးကြေးရေး အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်အမျိုးအစားတစ်ခုစီအတွက် မြှောက်ကိန်းဖြင့် အလေးပေးတွက်ချက်ထားသော ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းဖြစ်သည်၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရရန်ပိုင်ခွင့်နှင့် အမျိုးအစားအလိုက် အသုံးပြုရမည့် မြှောက်ကိန်းတန်ဖိုးများနှင့် တွက်ချက်နည်းကို ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃၂။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပုဂ္ဂိုလ်တစ်ဦး၊ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် တူညီသော စီးပွားရေးလုပ်ငန်းအုပ်စုတစ်ခုအား မိမိ၏ မတည်ငွေရင်းနှင့် သီးသန့်ငွေနှစ်ရပ်ပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်းမပြုရ။ ထို့ပြင် ငွေရေးကြေးရေးအဖွဲ့အစည်းက တူညီသော စီးပွားရေးလုပ်ငန်းအုပ်စုများအပါအဝင် အများဆုံးငွေချေးယူသူ ၁၀ ဦးသို့ ထုတ်ပေးထားသည့် ချေးငွေစုစုပေါင်းသည် ယင်း၏ ချေးငွေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းထက် မပိုစေရ။

၃၃။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ချေးငွေထုတ်ပေးခြင်းနှင့် ငွေချေးယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၏ ငွေကြေးလွယ်ကူမှုကို ကာကွယ်ထိန်းသိမ်းထားရမည့်အပြင် ဤကိစ္စအလို့ငှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်လည်း ညီညွတ်စေရမည်။

၃၄။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အပ်ငွေများ၊ ချေးငွေများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကိုလည်းကောင်း၊ အတိုးနှုန်းနှင့် တွက်ချက်ပုံများကိုလည်းကောင်း ဆက်သွယ်သူများ သိရှိစေရန် ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အချိန်အပိုင်းအခြားနှင့် အသုံးပြုရမည့် ပုံစံများနှင့်အညီ အချိန်မှန်ထုတ်ပြန်ကြေညာရမည်။

၃၅။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် လိုင်စင်ရ အခြား ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ပါး စီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းစီမံကိန်းများ၏ ပိုင်ဆိုင်မှု၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်စေမည့် အစုရှယ်ယာဝယ်ယူခြင်း၊ အစုစပ်အဖြစ်

ပါဝင်ခြင်း၊ ပူးတွဲပိုင်ရှင်အဖြစ် ပါဝင်ခြင်းနှင့် အကျိုးခံစားခွင့်ရယူခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရ။

၃၆။ ပုဒ်မ ၃၅ ပါ တားမြစ်ချက်များသည် အောက်ပါကိစ္စရပ်များနှင့် မသက်ဆိုင်စေရ -

(က) မိမိရရန်ရှိသော ကြွေးမြီများအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ သို့မဟုတ် အခြား အကျိုးခံစားခွင့်များ ရယူခြင်း၊

(ခ) ကိုယ်စားလှယ်အဖြစ် အစုရှယ်ယာများ သို့မဟုတ် အခြား အကျိုးခံစားခွင့်များကို ရယူခြင်း၊

(ဂ) အခြား ပုဂ္ဂိုလ်များသို့ ပြန်လည်ရောင်းချရန်အတွက် အစုရှယ်ယာများ သို့မဟုတ် စတော့များကို ရယူခြင်း။

၃၇။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် မိမိရရန်ရှိသော ကြွေးမြီများအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ သို့မဟုတ် အခြား အကျိုးခံစားခွင့်များကို ဗဟိုဘဏ်က ကာလတိုးမြှင့်ပေးခြင်းမရှိလျှင် လက်ခံရရှိသည့်နေ့မှ တစ်နှစ်အတွင်း ရောင်းချရမည်။

၃၈။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် -

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့် အနေအထားကို ရရှိစေမည့် ပဋိညာဉ်များ သို့မဟုတ် သဘောတူညီချက်များကို ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်းမပြုရ၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြား ပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၆)

## ငွေရေးကြေးရေး အဖွဲ့အစည်းများက ဆက်နွယ်သူများနှင့် လုပ်ငန်းများ လုပ်ကိုင်ခြင်း

၃၉။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဤဥပဒေနှင့်အညီသာ အောက်ပါဆက်နွယ်သူများနှင့် လုပ်ငန်းများ လုပ်ကိုင်နိုင်သည် -

(က) အဖွဲ့ဝင်များ၊ ဌာနမန်နေဂျာများ အစရှိသည့် စီမံခန့်ခွဲသူများ၊

(ခ) စာရင်းစစ်ကော်မတီဝင်များ၊

(ဂ) သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းတွင် အစုရှယ်ယာအများစုကို ပိုင်ဆိုင်ခြင်းအားဖြင့် ထိန်းချုပ်နိုင်ခွင့်ရှိသည့် ကုမ္ပဏီများနှင့် ယင်းကုမ္ပဏီများ၏ အဓိက အစုရှယ်ယာပိုင်ရှင်များ သို့မဟုတ် စီမံခန့်ခွဲသူများ၊

(ဃ) အဖွဲ့ဝင်များ၊ စာရင်စစ်ကော်မတီဝင်များ၊ စီမံခန့်ခွဲသူများ၊ ဌာနမန်နေဂျာများ သို့မဟုတ် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းတွင် အစုရှယ်ယာ အများစုကို ပိုင်ဆိုင်ခြင်းအားဖြင့် ထိန်းချုပ်နိုင်ခွင့်ရှိသည့် ကုမ္ပဏီ၏ အဓိက အစုရှယ်ယာပိုင်ရှင်များ၏ ဇနီး၊ ခင်ပွန်း၊ သားသမီးများ သို့မဟုတ် တစ်ဝမ်း ကွဲဆွေမျိုးသားချင်းများ၊

(င) ပုဒ်မခွဲ (က) (ခ) (ဂ) နှင့် (ဃ) တို့ပါ ပုဂ္ဂိုလ်တစ်ဦးဦးက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီ၏ အကျိုးတူရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပို၍ ပိုင်ဆိုင်သည့် ကုမ္ပဏီများ၊

(စ) ငွေရေးကြေးရေး အဖွဲ့အစည်း၏ အဓိကအစုရှယ်ယာပိုင်ရှင်များနှင့် ယင်းတို့၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိန်းချုပ်မှုအောက်ရှိ ကုမ္ပဏီတစ်ခုခု။

**ရှင်းလင်းချက်။** ဤပုဒ်မပါ အဓိကအစုရှယ်ယာပိုင်ရှင်ဆိုသည်မှာ ကုမ္ပဏီ၊ အစုစပ် လုပ်ငန်း သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုတွင် ၁၀ ရာခိုင်နှုန်း ထက်ပိုသော အကျိုးခံစားခွင့်ပိုင်ဆိုင်သူကို ဆိုသည်။

၄၀။ အများနှင့် သက်ဆိုင်သော ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် အများနှင့် သက်ဆိုင်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့ ပူးတွဲပိုင်ဆိုင်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းကို ထိန်းချုပ်သည့် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းများကိုလည်းကောင်း၊ ယင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲသူများကိုလည်းကောင်း၊ ယင်းစီမံခန့်ခွဲသူတို့က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်သည့် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုကိုလည်းကောင်း၊ ယင်းအဖွဲ့အစည်း၏ စီမံခန့်ခွဲသူများကိုလည်းကောင်း ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် ဆက်နွှယ်သူများဟူ၍ မှတ်ယူရမည်။

၄၁။ ငွေရေးကြေးရေး အဖွဲ့အစည်းအုပ်စုတွင် ပါဝင်သည့် အဖွဲ့အစည်းတစ်ခုနှင့် ဆက်နွှယ်သူများကို အုပ်စုပါ အဖွဲ့အစည်းတစ်ခုချင်းနှင့်လည်း ဆက်နွှယ်သူများဟူ၍ မှတ်ယူရမည်။

၄၂။ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ယင်းတို့နှင့် ဆက်နွှယ်သူများအား အောက်ပါ အထူးအခွင့်အရေးများ မပေးရ -

(က) သဘာဝအားဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက်အားဖြင့်ဖြစ်စေ၊ လက္ခဏာရပ်များအရဖြစ်စေ၊ ဆုံးရှုံးနိုင်ခြေအရဖြစ်စေ အခြားသူများနှင့် ဆောင်ရွက်မြဲမဟုတ်သည်ကို ဆောင်ရွက်ခြင်း၊

(ခ) အခြားဆက်သွယ်သူများပေးရသည်ထက် အတိုး၊ အခကြေးငွေနှင့်ဆောင်ရွက်ခများကို လျှော့နည်း၍ ကောက်ခံခြင်း သို့မဟုတ် အာမခံကို လျှော့နည်း၍ လက်ခံခြင်း၊

၄၃။ (က) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဆက်နွှယ်သူများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့က ဥာနမန်နေဂျာများ၏ အစီရင်ခံစာအပေါ် မူတည်၍ ခွင့်ပြုသည့်အတိုင်းသာ ဆောင်ရွက်ရမည်။ ဥာနမန်နေဂျာများ၏ အစီရင်ခံစာတွင် လျှောက်ထားသူနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းတို့၏ ဆက်နွှယ်မှု၊ ဆက်သွယ်ဆောင်ရွက်လိုသည့်ကိစ္စ၊ လျှောက်ထားသူ၏ ဝင်ငွေနှင့် ငွေရေးကြေးရေးအခြေအနေဆန်းစစ်ချက်နှင့် ငွေကြေးယုံကြည်စိတ်ချရမှု စိစစ်ချက်တို့ ပါဝင်ရမည်၊

(ခ) အဖွဲ့သို့ တင်ပြလာသည့် ကိစ္စရပ်တွင် အကျိုးခံစားခွင့်ရှိသော အဖွဲ့ဝင်များ သည်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်နွယ်သူနှင့် လက်ထပ်ခြင်း၊ သွေးသားတော်စပ်ခြင်း၊ သားသမီးတော်စပ်ခြင်း၊ လုပ်ငန်း တစ်ခုခုတွင် အကျိုးခွဲဝေခံစားခွင့်ရှိခြင်းအားဖြင့် ပတ်သက်သော အဖွဲ့ဝင်များ သည်လည်းကောင်း အဆိုပါ ကိစ္စရပ်ကို စဉ်းစားသည့် အဖွဲ့အစည်းအဝေး ကျင်းပသည့်အခါ အစည်းအဝေးမှ ထွက်ပေးရမည်၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ယင်း၏ ဝန်ထမ်းတစ်ဦးသို့ ထုတ်ပေး နိုင်သည့် အများဆုံးချေးငွေသည် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ် ပေးသည့်အတိုင်း ဖြစ်စေရမည်၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ယင်း၏ ဝန်ထမ်းများသို့ ထုတ်ပေး သည့် ချေးငွေစုစုပေါင်းသည် အဆိုပါ ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည် ငွေရင်း၏ ၅ ရာခိုင်နှုန်းထက် မပိုစေရ။

## အခန်း (၇)

## စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ဗဟိုဘဏ်က ကြီးကြပ်စစ်ဆေးခြင်း

၄၄။ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုစီအတွက် ဗဟိုဘဏ်က သဘောတူသည့် စာရင်း စစ်ကို ခန့်ထားရမည်။ သို့ရာတွင် အစိုးရက အစုရှယ်ယာပိုင်ဆိုင်ထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းဖြစ်လျှင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၅-က အရသာ စာရင်းစစ် ကို ခန့်ထားရမည်။

၄၅။ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ စာရင်းစစ်တွင် အောက်ပါ တာဝန်ဝတ္တရားများ ရှိရမည် -

(က) ဗဟိုဘဏ်နှင့် အဖွဲ့ သို့မဟုတ် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲဖြစ်ပါက ယင်းဘဏ် ခွဲ မန်နေဂျာထံ တင်ပြရန် လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြုစုခြင်း၊ ယင်းအစီရင်ခံ

စာပါ ရှင်းတမ်းများသည် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမှန်အခြေအနေကို လုံလောက်လျော်ကန်စွာ ဖော်ပြခြင်းရှိမရှိနှင့် ငွေရေးကြေးရေးအခြေအနေ ခိုင်မာမှုရှိမရှိတို့ကို သုံးသပ်တင်ပြခြင်း၊

(ခ) ဗဟိုဘဏ်နှင့်အဖွဲ့ သို့မဟုတ် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲဖြစ်ပါက ယင်းဘဏ်ခွဲ မန်နေဂျာတို့ထံ ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သော ဆောင်ရွက်ချက်များနှင့် စာရင်းများ၏ ချွတ်ယွင်းမှု၊ လိုအပ်မှုများကို အကြောင်းကြားခြင်း။

၄၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဗဟိုဘဏ်က သတ်မှတ်ပေးသည့် ပုံစံများကို အသုံးပြုလျက် သတ်မှတ်သည့် အချိန်ကာလအလိုက် အစီရင်ခံစာများပြုစုရမည်။ အဆိုပါ အစီရင်ခံစာများတွင် မိမိအဖွဲ့အစည်း၏ စီမံရေးရာနှင့် လုပ်ငန်းရေးရာအခြေအနေ၊ ငွေကြေးလွယ်ကူမှု၊ ငွေရေးကြေးရေးအခြေအနေခိုင်မာမှု၊ အကျိုးအမြတ်ရရှိမှုတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြည့်စုံစွာ ပါရှိရမည်။ ဤသို့ ပြုစုတင်ပြခြင်းဖြင့် မိမိတို့၏ ငွေရေးကြေးရေးအခြေအနေခိုင်မာမှုရှိကြောင်းနှင့် မည်သည့်အလားအလာသို့ ဦးတည်လျက်ရှိကြောင်း အကဲဖြတ်နိုင်စေရမည်။ အစီရင်ခံစာများပြုစုရာတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ဗဟိုဘဏ်က သတ်မှတ်ထားသည့် စာရင်းထားရှိရေးစံများနှင့်အညီ ဖြစ်စေရမည်။

၄၇။ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းတို့ကို အဖွဲ့နှင့် အစုရှယ်ယာပိုင်ရှင်များက သတ်မှတ်သဘောတူထားသည့် နည်းလမ်းနှင့် အညီ အများသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၈။ ငွေရေးကြေးရေးအဖွဲ့အစည်းအားလုံးသည် ဗဟိုဘဏ်၏ စစ်ဆေးရေးမှူးများ သို့မဟုတ် ဗဟိုဘဏ်က ခန့်အပ်သော စာရင်းစစ်များ၏ စစ်ဆေးခြင်းကို ခံရမည်။ ယင်းသို့ စစ်ဆေးသည့်အခါ ငွေရေးကြေးရေးအဖွဲ့အစည်း၏ -

(က) စာရင်းများ၊ သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ စာအုပ်များနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်၊

(ခ) ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကြီးကြပ်သူများ၊ စီမံခန့်ခွဲသူများ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား မေးမြန်းနိုင်သည်။

၄၉။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတွင် အစုရှယ်ယာပိုင်ရှင်များက ခန့်အပ်သည့် အဖွဲ့ဝင် ၃ ဦးပါဝင်သော စာရင်းစစ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိစေနိုင်သည်။ စာရင်းစစ်ကော်မတီသည် -

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများက ယင်းတို့အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိ စောင့်ကြပ်ကြည့်ရှုရမည်။ ထို့ပြင် အဖွဲ့သို့ တင်ပြရန်သင့်သည်ဟု ယူဆသည့် ကိစ္စများကို တင်ပြရမည်။

(ခ) အဖွဲ့မှ မိမိထံပေးပို့သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မိမိ၏ ထင်မြင်ယူဆချက်ကို ပေးရမည်။

၅၀။ စာရင်းစစ်ကော်မတီသည် သာမန်အားဖြင့် ၃ လလျှင် တစ်ကြိမ် စည်းဝေးရမည်။ အဖွဲ့က လိုအပ်သည်ဟုယူဆလျှင် စာရင်းစစ်ကော်မတီသည် အထူးအစည်းအဝေး ပြုလုပ်ရမည်။ ယင်းအစည်းအဝေးများတွင် စာရင်းစစ်ကော်မတီဝင်အားလုံး တက်ရောက်ရမည့်အပြင် ဆန္ဒမဲပေးခြင်းမှလည်း ပျက်ကွက်မှုမရှိစေရ။ စာရင်းစစ်ကော်မတီဝင် အများစု၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

၅၁။ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့သည် ပုဒ်မ ၄၉ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စာရင်းစစ်ကော်မတီအား ကူညီဆောင်ရွက်စေရန် ကျွမ်းကျင်သူပုဂ္ဂိုလ်ကို ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုနိုင်သည်။

## အခန်း (၈)
## အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲခြင်း

၅၂။ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ငွေရေးကြေးရေး အခြေအနေသည် ငွေရေးကြေးရေးဈေးကွက်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အနည်းဆုံးလိုအပ်ချက်များ

နှင့် မညီညွတ်တော့သည့် အခြေအနေသို့ ရောက်ရှိသောကြောင့် ယင်းအဖွဲ့အစည်းနှင့် ဆက်သွယ်သူများ၏ အပ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆုံးရှုံးစေနိုင်သည့် အခြေအနေပေါ် ပေါက်လျှင် ဗဟိုဘဏ်သည် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အဆိုပါ ငွေရေးကြေးရေးအဖွဲ့အစည်းအား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲစေနိုင်သည်။ အုပ်ချုပ်သူခန့်ထားရာတွင် ဗဟိုဘဏ်၏ အရာရှိကိုဖြစ်စေ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ခန့်ထားနိုင်သည်။

၅၃။ အုပ်ချုပ်သူခန့်ထားကြောင်း ဆုံးဖြတ်သည့်အမိန့်တွင် အောက်ပါတို့ ပါရှိရမည် -

(က) အုပ်ချုပ်သူခန့်ထားရမည့် အကြောင်းအချက်များ၊

(ခ) အုပ်ချုပ်သူ၏ အမည်၊

(ဂ) စီမံခန့်ခွဲရမည့် ကာလ၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းရှိ အပ်ငွေများ သို့မဟုတ် ဆက်သွယ်သူများ၏ ရန်ပုံငွေများကို ထုတ်ယူခြင်းမှ ရပ်ဆိုင်းနိုင်ခွင့်၊

(င) အခြားပုဂ္ဂိုလ်များအတွက် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ပေးလျော်နိုင်စေရန် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ အရာရှိများပိုင် ပစ္စည်းများကို ထိန်းသိမ်းထားနိုင်ခွင့်အပါအဝင် အရေးယူဆောင်ရွက်နိုင်ခွင့်။

၅၄။ ဗဟိုဘဏ်သည် အုပ်ချုပ်သူခန့်ထားရာတွင် အုပ်ချုပ်သူဖြင့် စီမံခန့်ခွဲရမည့် ကာလအတွင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ အရာရှိများကို တာဝန်မှ ရပ်ဆိုင်းထားနိုင်သည်။ ထိုပုဂ္ဂိုလ်များသည် ဗဟိုဘဏ်က အရည်အချင်းပျက်ကွက်ကြောင်း သတ်မှတ်ခြင်းမပြုမှသာ မိမိတို့၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရမည်။

၅၅။ အုပ်ချုပ်သူသည် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်အပြည့်အဝရှိရမည့်အပြင် ဘဏ်ခွဲများ၊ ကိုယ်စားလှယ်ရုံးများနှင့် အလားတူရုံးများကို ပိတ်ခွင့်ရှိရမည်။ ထို့အပြင် တာဝန်များကို ဆက်လက်ဆောင်ရွက်စေရန် မသင့်ဟု ယူဆသော ဝန်ထမ်းများကို ထုတ်ပစ်ခြင်းအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းကို ပုံမှန်အခြေအနေသို့ရောက်ရှိစေရန် လိုအပ်သော ဆောင်ရွက်မှုများကို လုပ်ပိုင်ခွင့်ရှိရမည်။

၅၆။ ငွေရေးကြေးရေးအဖွဲ့အစည်းအား အပြည့်အဝပြန်လည်ထူထောင်ရန် လိုအပ်သည်ဟု ယူဆလျှင် အုပ်ချုပ်သူသည် မည်သည့်အချိန်၌မဆို ယင်းငွေရေးကြေးရေးအဖွဲ့အစည်းရှိ အများပြည်သူအပ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ အများဆုံး တစ်နှစ်အထိ ထုတ်ပြန်ယူခြင်းမပြုရန် ကြေညာနိုင်သည်။ သို့ရာတွင် အဆိုပါ အပ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးကို ဖြစ်နိုင်သမျှ ထိန်းသိမ်းထားစေမည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ထားရမည်။

၅၇။ အုပ်ချုပ်သူက စီမံခန့်ခွဲရမည့် ကာလအတွင်း ဗဟိုဘဏ်သည် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းအား ငွေကြေးလွယ်ကူမှု ယာယီလျော့နည်းခြင်းကို ဖြည့်ဆည်းရန် စည်းကမ်းချက်သတ်မှတ်၍ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှုပြုနိုင်သည်။

၅၈။ အုပ်ချုပ်သူက စီမံခန့်ခွဲရမည့် ကာလအတွင်း သို့မဟုတ် ယင်းကာလကုန်ဆုံးချိန်၌ သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းခြင်းမှာ ဖျက်သိမ်းခြင်းထက် ကုန်ကျစရိတ် ပိုမိုများပြားမည်ဟု ယူဆပါက ဗဟိုဘဏ်သည် ထိုငွေရေးကြေးရေးအဖွဲ့အစည်းအား လူမွဲအဖြစ် ကြေညာပေးရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းခွင့်ပြုရန် ဥပဒေနှင့်အညီ တရားရုံးသို့ လျှောက်ထားရမည်။

၅၉။ အုပ်ချုပ်သူသည် မိမိစီမံခန့်ခွဲရမည့် ကာလအတွင်း ဗဟိုဘဏ်က ထုတ်ပေးထားသည့် ရန်ပုံငွေများကို အခြားပေးရန် တာဝန်များထက် ဦးစားပေးရမည်။ အဆိုပါ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များနှင့် အရာရှိများသည် ငွေရေးကြေးရေးအဖွဲ့အစည်း၏ ပေးရန်တာဝန်များ အပြည့်အဝပေးချေနိုင်ရေးအတွက် လိုအပ်သော ငွေပမာဏအထိ တစ်ဦးချင်းတာဝန်ရှိစေရမည်။

၆၀။ အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲခြင်းသည် -

(က) ဗဟိုဘဏ်က အချိန်ကာလတိုးမြှင့်ပေးခြင်းမလိုလျှင် သတ်မှတ်ထားသည့် ကာလကုန်ဆုံးချိန်တွင်ဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ပုံမှန်အတိုင်း လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိပြီဟု ဗဟိုဘဏ်က ယူဆလျှင်ဖြစ်စေ ပြီးဆုံးစေရမည်၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ပြီးဆုံးစေရမည်။

၆၁။ ပုဒ်မ ၆၀ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းထားသည့် အခြေအနေများတွင် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ ဗဟိုဘဏ်က ထုတ်ပေးထားသည့် ချေးငွေများအပြည့်အဝ ပြန်လည်ပေးဆပ်ပြီးမှသာ သို့မဟုတ် ပေးဆပ်မည့် အစီအစဉ်ကို ဗဟိုဘဏ်၏ သဘောတူညီချက်ရပြီးမှသာ အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲမှုသည် ပြီးဆုံးမည်ဟု ဗဟိုဘဏ်က ထပ်ဆင့် စည်းကမ်းချက် သတ်မှတ်နိုင်သည်။

## အခန်း (၉)
## နိုင်ငံပိုင် ငွေရေးကြေးရေးအဖွဲ့အစည်းများ

၆၂။ (က) အောက်ဖော်ပြပါ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(၁) မြန်မာ့စီးပွားရေးဘဏ်၊

(၂) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊

(၃) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊

(ခ) အစိုးရသည် ပုဒ်မခွဲ (က) ပါငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် အခြား ငွေရေးကြေးရေးအဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်သည်၊

(ဂ) ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ငွေရေးကြေး ရေးအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်စေရမည်။

၆၃။ (က) ဘဏ်တစ်ခုစီအတွက် အစုရှယ်ယာတစ်ခုလျှင် ကျပ် ၁၀၀၀ ဖြင့် သာမန် အစုရှယ်ယာပေါင်း တစ်သန်းစီ သတ်မှတ်သည်၊

(ခ) ဘဏ်တစ်ခုစီအတွက် ထည့်ဝင်ရမည့် အစိုးရ၏ ကနဦးမတည်ငွေရင်း အတွက် အစုရှယ်ယာအရေအတွက်နှင့် တန်ဖိုးကို အောက်ပါအတိုင်း သတ်မှတ်သည် -

| | | အစုရှယ်ယာ အရေအတွက် | တန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|
| (၁) | မြန်မာ့စီးပွားရေးဘဏ် | ၁၄၀၀၀၀ | ၁၄၀ |
| (၂) | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၆၀၀၀၀ | ၆၀ |
| (၃) | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်။ | ၆၀၀၀၀ | ၆၀ |

(ဂ) အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် ခွင့်ပြုမတည်ငွေရင်း သို့မဟုတ် ထည့်ဝင်ပြီး မတည်ငွေရင်းကို အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။ အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းအောက် လျော့နည်း၍ ပိုင်ဆိုင်လျှင် အဆိုပါ မတည်ငွေရင်းများ တိုးမြှင့်ခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) အစိုးရသည် ပုဒ်မ ၆၂ ပုဒ်မခွဲ(ခ) အရ ဖွဲ့စည်းတည်ထောင်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် အစုရှယ်ယာနှင့် မတည်ငွေရင်းများကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ရမည်။

၆၄။ (က) ဘဏ်များကို ဒါရိုက်တာအဖွဲ့ တစ်ဖွဲ့စီဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဘဏ်အသီးသီးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၆၅။ အဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။ အဖွဲ့တွင် အောက်ပါအဖွဲ့ဝင်များ ပါရှိရမည် -

(က) အစိုးရက ခန့်အပ်သော အဖွဲ့ဝင် ၆ ဦး၊

(ခ) အစုရှယ်ယာပိုင်ရှင်များက မဲပေးရွေးချယ်သော အဖွဲ့ဝင်များ။

၆၆။ (က) အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၆ ဦးကို ခန့်ထားနိုင်ခွင့်ရှိသည်။ အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းအောက် လျော့နည်း၍ ပိုင်ဆိုင်

လျှင် ဘဏ်၏အခြားအစုရှယ်ယာ ပိုင်ရှင်များနည်းတူ အဖွဲ့ဝင်ရွေးချယ်ပွဲတွင် မိမိ၏ အစုရှယ်ယာများအရ မဲပေးရမည်၊

(ခ) အဖွဲ့ဝင်များ ရွေးချယ်ရန်အတွက် အစုရှယ်ယာပိုင်ရှင်တစ်ဦးသည် ရွေးချယ်ခြင်းမှတ်တမ်းပြုနေ့စွဲရှိ မိမိပိုင် အစုရှယ်ယာအရေအတွက်နှင့် ရွေးချယ်ရမည့် အဖွဲ့ဝင်ဦးရေနှစ်ခုတို့၏ မြှောက်ရကိန်းနှင့်အညီ မဲပေးနိုင်သည်။ ဤသို့ မဲပေးခြင်းကို အဖွဲ့ဝင်တစ်ဦးအတွက် လည်းကောင်း၊ တစ်ဦးထက်ပို၍ လည်းကောင်း ပြုလုပ်နိုင်သည်။ ရွေးချယ်ရမည့် အဖွဲ့ဝင်နေရာများကို မဲအရေအတွက် ပိုမိုရရှိသူဖြင့် ဖြည့်ဆည်းရမည်၊

(ဂ) ဥက္ကဋ္ဌကို ခန့်အပ်ထားခြင်းမရှိပါက အဖွဲ့ဝင်များသည်မိမိတို့အနက်မှ ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) ဥက္ကဋ္ဌ၏ သက်တမ်းသည် ၅ နှစ်ဖြစ်၍ ကျန်အဖွဲ့ဝင်များ၏ သက်တမ်းသည် ၃ နှစ်ဖြစ်သည်။ အဆိုပါ ပုဂ္ဂိုလ်များသည် သက်တမ်းတစ်ခုထက်ပို၍ ပြန်လည်ခန့်ထားနိုင်ခွင့်ရှိရမည်၊

(င) ဥက္ကဋ္ဌသည် ဘဏ်၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့်ထမ်းဆောင်ရမည့်အပြင် အခကြေးငွေရရှိသော အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်း မပြုရ၊

(စ) အဖွဲ့သည် ဘဏ်၏ အရာရှိတစ်ဦးအား အဖွဲ့၏အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်၊

(ဆ) အောက်ပါ ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းမပြုရ -

(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(၂) အစိုးရနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းမှ လခစားဝန်ထမ်း၊

(၃) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်း၊

(၄) နိုင်ငံသားမဟုတ်သူ၊

(၅) တရားရုံးက လူမွဲအဖြစ် ကြေညာခြင်းခံထားရသူ၊ တရားရုံးက ကြွေးမြီပေးဆပ်ခြင်းကို ရပ်ဆိုင်းထားခြင်းခံရသူ သို့မဟုတ် ကြွေးမြီ

ပေးဆပ်ခြင်းနှင့် စပ်လျဉ်း၍ မိမိ၏ မြီရှင်များနှင့် တရားရုံးတွင် သဘောတူညီမှုရယူထားသူ။

သို့ရာတွင် အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ ပြဋ္ဌာန်းချက်များတွင် ပါရှိသည့် မည်သူကိုမဆို ထူးခြားသော အကြောင်းရှိလျှင် ကင်းလွတ်ခွင့်ပေးနိုင်သည်။

၆၇။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် -

(က) ပုဒ်မ ၆၆ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသော ကန့်သတ်ချက်များနှင့် ငြိစွန်း လျှင်သော်လည်းကောင်း၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ် ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊

(ဂ) အစိုးရက ခန့်ထားသူဖြစ်လျှင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်လျှင်သော် လည်းကောင်း၊ အစိုးရက ခန့်ထားသူမဟုတ်လျှင် အဖွဲ့၏ ခွင့်ပြုချက်ဖြင့် နုတ်ထွက်လျှင်သော်လည်းကောင်း၊

(ဃ) အစိုးရက ခန့်ထားသူဖြစ်လျှင် မိမိ၏ တာဝန်ဝတ္တရားများကို စွမ်းဆောင်နိုင် ခြင်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်၏ ဆုံးဖြတ်ခြင်းခံရလျှင်သော် လည်းကောင်း၊ အစိုးရက ခန့်ထားသူမဟုတ်လျှင် အဖွဲ့ဝင် ၃ ပုံ ၂ ပုံ၏ ဆုံးဖြတ်ခြင်းခံရလျှင်သော်လည်းကောင်း၊

(င) အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အဖွဲ့၏ အစည်းအဝေးတက်ရောက်ရန် တစ်ဆက် တည်း ၃ လ ပျက်ကွက်လျှင်သော်လည်းကောင်း၊

ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီး ဖြစ်ရမည်။

၆၈။ အဖွဲ့ဝင်နေရာလစ်လပ်ပါက ကျန်သက်တမ်းအတွက် လစ်လပ်သည့်နေ့မှစ၍ ၆ လ အတွင်း ဖြည့်စွက်ရမည်။

၆၉။ အဖွဲ့အစည်းအဝေးကို အောက်ပါအတိုင်း ပြုလုပ်ရမည် -

(က) တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ပြုလုပ်ရမည်။ အထူးအစည်းအဝေးကို ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အနည်းဆုံး ၂ ဦးတို့က နည်းလမ်းတကျ အကြောင်းကြားစာပေး၍ ပြုလုပ်နိုင်သည်၊

(ခ) အဖွဲ့ဝင်ထက်ဝက်ကျော် တက်ရောက်ပါက အဖွဲ့အစည်းအဝေး အထမြောက်သည်၊

(ဂ) ဥက္ကဋ္ဌမရှိပါက အဖွဲ့ဝင်များက ရွေးချယ်သော အဖွဲ့ဝင်တစ်ဦးဦးက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်၊

(ဃ) ဆုံးဖြတ်ချက်များကို သင်းဖွဲ့စည်းမျဉ်းများတွင် အခြားနည်းသတ်မှတ်ထားခြင်းမရှိပါက အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်အများစု၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

၇၀။ (က) အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် -

(၁) ဥက္ကဋ္ဌသည် အဖွဲ့က အဆိုပြုပြီး အစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ လစာနှင့် စရိတ်များကို ခံစားခွင့်ရှိစေရမည်။ ယင်းလစာနှင့် စရိတ်များကို ဘဏ်မှ ကျခံရမည်။

(၂) အဖွဲ့ဝင်များသည် အဖွဲ့က အဆိုပြုပြီး အစိုးရက ခွင့်ပြုသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိစေရမည်။ ယင်းချီးမြှင့်ငွေကို ဘဏ်မှ ကျခံရမည်။

(ခ) အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းအောက် လျော့နည်း၍ ပိုင်ဆိုင်လျှင် ဥက္ကဋ္ဌ၏ လစာနှင့် စရိတ်များသည်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများသည်လည်းကောင်း အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဖြစ်စေရမည်။

၇၁။ (က) ဘဏ်၏ စီမံခန့်ခွဲမှုဆိုင်ရာ အကြီးအကဲနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာ အဖွဲ့က ခန့်ထားရမည်။ သို့ရာတွင် အစိုးရက ဘဏ်တစ်ခု၏ အစုရှယ်ယာ

၅၀ ရာခိုင်နှုန်းထက်မနည်းပိုင်ဆိုင်လျှင် စီမံခန့်ခွဲမှုဆိုင်ရာ အကြီးအကဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်ထားရမည်၊

(ခ) အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်းပိုင်ဆိုင်လျှင် ယင်းဘဏ်၏ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်။

၇၂။ အစိုးရသည် ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ယင်းဘဏ်များနှင့် မသက်ဆိုင်စေရ။

၇၃။ ဘဏ်များသည် ဤဥပဒေနှင့်အညီ လုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိသည့်အပြင် ပုဒ်မ ၁၂ မှ ၁၆ အထိ ပါရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရေး လိုအပ်ချက်များမှလည်းကောင်း၊ ပုဒ်မ ၂၂ နှင့် ၂၄ ပါ စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များမှလည်းကောင်း ကင်းလွတ်ခွင့်ရရှိရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်

၇၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကျခံစေရမည် -

(က) သတိပေးခြင်း၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက်အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ဖျက်သိမ်းခြင်း။

၇၅။ ငွေရေးကြေးရေးအဖွဲ့အစည်းများကသာ ဆောင်ရွက်ရမည်ဟု ဤဥပဒေအရ သတ်မှတ်ထားသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်မှုရှိသည့် အဖွဲ့အစည်းကိုမဆို အလားတူ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ကျခံစေရမည်။

၇၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရန် တာဝန်ရှိသော ဗဟိုဘဏ်ရှိ သက်ဆိုင်ရာ ဌာနသည် ပုဒ်မ ၇၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များကို ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ရမည်။ အရေးယူခံရသူသည် ခုခံကာကွယ်ခွင့်အပြည့်အဝရရှိစေရမည်။ ထို့အပြင် အရေးယူခံရသူသည် ချမှတ်သော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့သို့ အမိန့်စာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံခွင့်ရှိစေရမည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ဤကိစ္စအတွက် ညွှန်ကြားချက်များနှင့်အညီ ရပ်ဆိုင်းထားရမည်။ ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးကဏ္ဍတွင် အပြီးသတ်ဖြစ်စေရမည်။

၇၇။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၇၈။ ပုဒ်မ ၇၄ ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်များသို့ဖြစ်စေ နစ်နာမှုများအတွက် ချက်ချင်းပေးလျော်စေရမည်။

၇၉။ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပြင်ပစာရင်းစစ်များသည် ၎င်းတို့၏ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှ ရရှိလာသည့် သတင်းများကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

၈၀။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

၈၁။ မည်သူမဆို ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၈၀ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ ပုဒ်မ ၆၂ ပါ ဘဏ်များ၏ အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် စာရင်းစစ်များသည် ၎င်းတို့၏ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှ ရရှိလာသည့် သတင်းများကို ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းပြုပါက ထိုသူတို့အား မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေအရ ပြစ်ဒဏ်ပေးခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၈၄။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း အဆိုပါ ဘဏ်အသီးသီးက ဆက်ခံရမည်။

၈၅။ ပုဒ်မ ၆၂ ပုဒ်မခွဲ (က) ပါ ဘဏ်အသီးသီး၏ စီမံခန့်ခွဲမှုအဖွဲ့များသည် ဤဥပဒေအရ ဆက်ခံမည့် ဒါရိုက်တာအဖွဲ့များအား တာဝန်ဝတ္တရား လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

၈၆။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နှင့် သက်ဆိုင်ကြောင်း အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားခြင်းမရှိလျှင် ဤဥပဒေသည် ယင်းဘဏ်နှင့် အကျုံးမဝင်စေရ။

၈၇။ ဤဥပဒေပါ ပြစ်မှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၈။ ပုဒ်မ ၈၁ နှင့် ပုဒ်မ ၈၂ တို့အရ တရားစွဲဆိုရာတွင် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၈၉။ ပုဒ်မ ၆၂ ပုဒ်မခွဲ (က) ပါ ဘဏ်အသီးသီးသည် ကူးပြောင်းဆဲကာလအတွင်း ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို စတင်အကောင်အထည်မဖော်နိုင်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ယင်းကူးပြောင်းဆဲကာလသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၉၀။ ပုဒ်မ ၆၂ ပါ ဘဏ်များသည် အစိုးရက ဘဏ်တစ်ခု၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်လျှင် ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အပိုဒ် ၁၄၉ သည် ယင်းဘဏ်များက တရားစွဲဆိုသည့် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။